သင်ခန်းစာ (၈)
အိမ်တွင်းအကြမ်းဖက်မှု
# Domestic Violence

ရည်ရွယ်ချက်။ ။

- အိမ်တွင်းအကြမ်းဖက်မှုသည် လူတဦးတယောက် (သို့မဟုတ်)မိသားစုတခု၏ ကိစ္စသာမဟုတ်ဘဲ လူအများနှင့် သက်ဆိုင်ပြီး ပြစ်မှုမြောက်ကြောင်း သိရှိလာစေရန်။
- အိမ်တွင်းအကြမ်းဖက်မှု၏ နောက်ဆက်တွဲအကျိုးသက်ရောက်မှုများကိုပါ သိမြင်လာစေရန်နှင့် ကာကွယ်တတ်လာစေရန်။

## လှုပ်ရှားမှု **(Activity )**

သင်တန်းသားများအတွင်းမှ အမျိုးသားတဦး အမျိုးသမီးတဦးကို ခေါ်၍ အိမ်တွင်းအကြမ်းဖက်မှုနှင့် ပတ်သက်သော ဇာတ်လမ်းတခုကို သရုပ်ဆောင်ခိုင်းပါ။ ခင်ပွန်းသည်ဖြစ်သူသည် အပြင်၌ သောက်စားမူးယစ်၍ ပြန်လာပြီး ဇနီးဖြစ်သူအား အပြစ်ရှာဆူပူကြိမ်းမောင်းကာ ရိုက်နှက်သည့် အဖြစ်အပျက် ဖြစ်သည်။

## **Discussion (** အပြန်အလှန်ဆွေးနွေးခြင်း)

ဘယ်လိုခံစားရသလဲ။
ဘယ်သူတွေ ပါဝင်ပတ်သက်နေလဲ။
မိသားစုအပေါ် ဘယ်လိုအကျိုးသက်ရောက်မှုတွေ ဖြစ်လာနိုင်သလဲ။ (ဖခင်၊ မိခင်၊ ကလေးတဦးချင်းအလိုက်)

## **Input (**အကြောင်းအရာနှင့်ဆက်စပ်သည့်ဗဟုသုတပေးခြင်း)

### အိမ်တွင်းအကြမ်းဖက်မှု၏ အဓိပ္ပာယ် ဖွင့်ဆိုချက်

အိမ်တွင်းအကြမ်းဖက်မှုဆိုသည်မှာ လင်မယားအကြား (သို့မဟုတ်) အတူနေထိုင်ကြသော သမီးရည်းစားများအကြား တဦးက အခြားတဦးအပေါ် ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ထိခိုက်ကျူးလွန်ခြင်းဖြစ်သည်။ အိမ်တွင်း အကြမ်းဖက်မှုဆိုသည်မှာ တကြိမ်တခါသာလျှင် အခန့်မသင့်၍ ဖြစ်ပွားခြင်းမဟုတ်ပေ။ အချိန်ကာလကြာမြင့်ပြီး စနစ်တကျနှင့် ထပ်ခါတလဲလဲ ဖြစ်ပွားခြင်းဖြစ်ပြီး ရာဇဝတ်မှုမြောက်သည်။

(ကိုးကားချက်။ **Understanding Domestic Violence by Manohari Subramaniam, ERA Malaysia)**

### အိမ်တွင်းအကြမ်းဖက်မှု ပုံစံများမှာ

၁။ ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း (ကိုယ်ထိလက်ရောက် အကြမ်းဖက်ခြင်း)
၂။ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း
၃။ လိင်ပိုင်းဆိုင်ရာအရ စော်ကားခြင်း

အထက်ပါ အချက်သုံးချက်ကို စာရွက်ကြီးပေါ်၌ အကွက်သုံးကွက် ပြုလုပ်၍ သင်တန်းသားများနှင့်အတူ တခုချင်းနှင့်သက်ဆိုင်သောအမျိုးအစားများကို ဆွေးနွေး၍ သင်ပုန်းတွင်မှတ်တမ်းတင်ပါ။

## ကမ္ဘာ့အမျိုးသမီးများအခြေအနေ

- ကမ္ဘာပေါ်တွင် အမျိုးသမီးများအကြမ်းဖက်ခံရမှုအမျိုးမျိုး၌ အများဆုံးတွေ့ရသောပုံသဏ္ဍာန်မှာ အိမ်တွင်း အကြမ်း ဖက်မှုဖြစ်သည်။
- ကမ္ဘာတဝန်း၌ အမျိုးသမီး ၃ ဦးလျှင် ၁ ဦးသည် သူမ၏ဘဝတွင် ရိုက်နှက်ခံရခြင်း၊ အဓမ္မလိင်ဆက်ဆံခံရခြင်း သို့မဟုတ် အခြားပုံသဏ္ဍာန်ဖြင့် အကြမ်းဖက်မှုကို ခံရသည်။
- အမျိုးသမီး ၅ ယောက်လျှင် တယောက်သည် ဘဝအတွင်း လိင်ပိုင်းဆိုင်ရာစော်ကားမှုကို ကြုံတွေ့ ခဲ့ရဘူးသည်။
- တကမ္ဘာလုံးတွင် အမျိုးသမီးအားလုံး၏ ၂၀ ရာခိုင်နှုန်းသည် အိမ်ထောင်သည်ဘဝအတွင်းတွင် အိမ်တွင်းအကြမ်းဖက်မှု တမျိုးမဟုတ် တမျိုးကို ခံစားခဲ့ကြရသည်။
- အမျိုးသမီးများ၏ ၁၀ – ၅၀ ရာခိုင်နှုန်းသည် မိမိတို့လက်တွဲဖော်များ၏ ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို ခံစားခဲ့ကြရသည်။

## ကမ္ဘာ့နိုင်ငံတချို့အမျိုးသမီးများအခြေအနေ

- ဂျပန် – ၁၉၉၃ ခုနှစ်တွင် အမျိုးသမီး (၇၉၆) ယောက်ကို စုံစမ်းမေးမြန်းရာတွင် ဇနီးသည် ၅၉ ရာခိုင်နှုန်းမှာ လင်ယောကျ်ားဖြစ်သူတို့၏ ကိုယ်ထိလက်ရောက်စော်ကားခြင်းကို ခံရသည်ဟုဆိုသည်။
- နယူးဇီလန် – အမျိုးသမီး (၃၁၄)ယောက်ကို မေးမြန်းရာတွင် အမျိုးသမီး (၂၀)ရာခိုင်နှုန်းမှာ လင် ယောကျ်ား များ၏ ကိုယ်ထိလက်ရောက် စော်ကားခြင်း (သို့မဟုတ်) ရိုက်နှက်ခြင်းကို ခံခဲ့ရသည်။
- ဆွစ်ဇာလန် – ၁၉၉၇ ခုနှစ်တွင် အမျိုးသမီး (၁၅၀၀)ကို စစ်တမ်းကောက်ချက်များအရ အမျိုးသမီး (၂၀) ရာခိုင်နှုန်းမှာ ကိုယ်ထိလက်ရောက် ပြုကျင့်ခြင်းခံရသည်။
- အင်္ဂလန် – အမျိုးသမီး ၂၅ ရာခိုင်နှုန်းမှာ ၄င်းတို့ဘဝတွင်လင်ယောကျ်ား (သို့မဟုတ်) ယခင်ရည်းစား၊ လင်ယောကျ်ား၏ ရိုက်နှက်ခြင်း၊ ပါးရိုက်ခြင်းကို ခံကြရသည်။
- အမေရိကန် – အမျိုးသမီး (၂၈) ရာခိုင်နှုန်းမှာ လင်ယောကျ်ား (သို့မဟုတ်) ရည်းစားဖြစ်သူ၏ ကိုယ်ထိ လက်ရောက် အကြမ်းဖက်ခြင်းကို အနည်းဆုံးခံစားကြရသည်။

## အာရှနှင့်ပစိဖိတ်ဒေသ

- ကမ္ဘောဒီးယား – အမျိုးသမီး (၁၆)ရာခိုင်နှုန်းမှာ လင်ယောကျ်ားဖြစ်သူ၏ ကိုယ်ထိလက်ရောက်စော်ကား ခြင်းကို ခံရပြီး (၈) ရာခိုင်နှုန်းမှာ ဒဏ်ရာအနာတရဖြစ်ကြသည်ဟုဆိုပါသည်။
- အိန္ဒိယ – ၁၉၉၆ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ပြည်နယ်တခု၌ အမျိုးသား (၉၆၀၂)ယောက်ကို စစ်တမ်း ကောက်ချက်အရ (၄၅) ရာခိုင်နှုန်းမှာ ၄င်းတို့၏မိန်းမများအား ကိုယ်ထိလက်ရောက်အကြမ်းဖက်ကြ ကြောင်း ကို ဝန်ခံပြောဆိုကြသည်။
- ကိုးရီးယား – အမျိုးသမီး (၃၈) ရာခိုင်နှုန်းမှာ ကိုယ်ထိလက်ရောက် အကြမ်းဖက်ခြင်းခံကြရကြောင်း တိုင်ကြားထားသည်ကို တွေ့ရှိရသည်။

## အရှေ့အလယ်ပိုင်း

- အီဂျစ် – အမျိုးသမီး(၃၅) ရာခိုင်နှုန်းမှာ ၄င်းတို့၏အိမ်ထောင်သက်တမ်းအတွင်း တကြိမ်တော့ အရိုက်ခံရသည်ဟု ဆိုပါသည်။
- အစ္စရေး – ၁၉၉၇ ခုနှစ်တွင် အာရပ်အမျိုးသမီးပေါင်း (၁၈၂၆၉) ယောက်အား လေ့လာစစ်တမ်းပြုထားသည့် စာရင်းအရ အမျိုးသမီး (၃၂) ရာခိုင်နှုန်းမှာ သူတို့၏ အိမ်ထောင်ဘက် အမျိုးသားများ၏ နှိပ်စက်မှုများအနက် အနည်းဆုံးတကြိမ် ရုပ်ပိုင်းဆိုင်ရာ နှိပ်စက်မှုကို ခံရပြီး (၃၀) ရာခိုင်နှုန်းမှာ လင်ယောကျ်ားဖြစ်သူ၏ အတင်းအကြပ် လိင်ဆက်ဆံမှုများကို ခံကြရသည်။

## အာဖရိက

- ကင်ညာ – ®မ့နယ်တခုတွင် အမျိုးသမီးပေါင်း (၆၁၂)ယောက်ကို စစ်တမ်းကောက်ချက်အရ (၄၂) ရာခိုင်နှုန်းမှာ ၄င်းတို့အိမ်ထောင်ဘက်များ၏ ရိုက်နှက်ခြင်းကို ခံရကြောင်းသတင်းပေးပို့ပြီး (၅၈) ရာခိုင်နှုန်းမှာ ရံဖန်ရံခါတွင် အရိုက်ခံရကြောင်းဆိုပါသည်။
- ယူဂန်ဒါ – ®မ့နယ်နှစ်ခု စစ်တမ်းကောက်ချက်အရ (၄၁) ရာခိုင်နှုန်းမှာ အိမ်ထောင်ဘက်များ၏ ရိုက်နှက်ခြင်းကိုခံကြရပြီး အမျိုးသား (၄၁) ရာခိုင်နှုန်းမှာ ၄င်းတို့အိမ်ထောင်ဖက်ကိုရိုက်နှက်ကြောင်း ပြောဆိုဝန်ခံကြသည်။
- ဇင်ဘာဘွေ – အမျိုးသမီးပေါင်း (၉၆၆)ယောက်တွင် (၃၂) ရာခိုင်နှုန်းမှာ အသက် ၁၆ နှစ်အရွယ်ကတည်းက မိသားစုဝင် တဦးဦး သို့တည်းမဟုတ် မိသားစု၏ အကြမ်းဖက်မှုကို ခံရသည်ဟု (၁၉၉၆) ခုနှစ်စစ်တမ်းအရသိရသည်။

## လက်တင်အမေရိကနှင့် ကရစ်ဘီယန်

- ကိုလန်ဘီယာ – အမျိုးသမီးပေါင်း (၆၀၉၇) ယောက်ကို စစ်တမ်းကောက်ချက်အရ (၁၉) ရာခိုင်နှုန်းမှာ ၄င်းတို့ဘဝတွင် ၄င်းတို့အိမ်ထောင်ဘက်၏ ရုပ်ပိုင်းဆိုင်ရာအရ အကြမ်းဖက်ခြင်းကို ခံကြရသည်။
- မက္ကဆီကို – ပြည်နယ်တခုတွင် အမျိုးသမီးပေါင်း (၆၅၀) တွင် (၃၀) ရာခိုင်နှုန်း မှာ ၄င်းတို့ဘဝတွင် အိမ်ထောင်ဖက်၏ ကိုယ်ထိလက်ရောက်အကြမ်းဖက်မှုကိုခံရသည်ဟု တိုင်ကြားပြီး၊ (၁၃) ရာခိုင်နှုန်းမှာ ယခင်နှစ်အတွင်း ကိုယ်ထိလက်ရောက်အကြမ်းဖက်ခံရသည်ဟု ၁၉၉၇ ခုနှစ် အစီရင်ခံ စာက ဆိုပါသည်။
- နီကာရာဂွါ – အမျိုးသမီး (၅၂) ရာခိုင်နှုန်းမှာ အိမ်ထောင်ဖက်၏ အကြမ်းဖက်မှုကို အနည်းဆုံး တကြိမ်ခံရသည်ဟု သတင်းပေးပို့ပြီး (၂၇) ရာခိုင်နှုန်းမှာလည်း ကိုယ်ထိလက်ရောက်ပြုခြင်းကိုခံကြရသည် ဟု ၁၉၉၆ ခုနှစ် အစီရင်ခံစာက ဆိုပါသည်။

## အလယ်ပိုင်း၊ အရှေ့ဥရောပနှင့် ဘောလတစ်နိုင်ငံများ

- အစ်စတိုနီးယား – အသက် (၆၅) နှစ်နှင့်အထက်များ၊ အသက် (၁၈) နှစ်နှင့် (၂၄) နှစ်အကြား အမျိုးသမီးများသည် အိမ်တွင်းအကြမ်းဖက်မှုနှင့်ပတ်သက်၍ စိုးရိမ်ကြောင့်ကြ နေကြရသည်ဟု ၁၉၉၄ ခုနှစ်တွင် အမျိုးသမီးပေါင်း (၂၃၁၅) ယောက်ကို ကောက်ယူခဲ့သော စာရင်းအရသိရသည်။
- ပိုလန် – ၁၉၉၃ ခုနှစ်တွင် အိမ်ထောင်ကွဲ အမျိုးသမီးများကို လေ့လာချက်အရ အမျိုးသမီးပေါင်း (၆၀) ရာခိုင်နှုန်းမှာ ပထမအိမ်ထောင်၏ထုရိုက်ခြင်းကို ခံကြရပြီး (၂၅) ရာခိုင်နှုန်းမှာ အကြိမ်ကြိမ်အကြမ်းဖက်ခြင်းကို ခံကြရသည်ဟု ဆိုပါသည်။

- ရုရှား – အသက် (၁၄) နှစ်မှ (၁၇) နှစ်မိန်းကလေး (၁၇၄) ယောက်နှင့် ယောက်ျားလေး (၁၇၄) ယောက်ကို စစ်တမ်းကောက်ခံရာ မိန်းကလေး (၂၅) ရာခိုင်နှုန်းနှင့် ယောက်ျားလေး (၁၁) ရာခိုင်နှုန်း (၁၁) ရာခိုင်နှုန်းတို့မှာ လိင်ပိုင်းဆိုင်ရာအရ အကြမ်းဖက်ခြင်းကိုခံနေရသည်ဟု အစီရင်ခံထားသည်။
- ထာဂျစ်ကစ်စတန် – အသက် (၁၈) နှစ်မှ (၄၀) အကြား အမျိုးသမီးပေါင်း (၅၅၀) ကို စစ်တမ်းကောက်ခံရာ (၂၃) ရာခိုင်နှုန်းမှာ ကိုယ်ထိလက်ရောက်အကြမ်းဖက်ခြင်းကိုခံရသည်။

*(ကိုးကားချက် ယူနီဆက်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့၏ အစီရင်ခံစာများ၊ မြန်မာ့အမျိုးသမီးသမဂ္ဂ အိမ်တွင်းအကြမ်းဖက်မှုစာစောင်)*

*အိမ်တွင်းအကြမ်းဖက်နှင့်ပတ်သက်၍ မှားလေ့ရှိသောအယူအဆတချို့မှာ*

အယူအဆ (၁) ဆင်းရဲပြီး ပညာမတတ်သော အမျိုးသားများသာလျှင် အိမ်တွင်းအကြမ်းဖက်မှုကို ကျူးလွန်ကြသည်။

ဆင်းရဲ အိမ်တွင်းအကြမ်းဖက်သူအမျိုးသားများသည် မတူညီသော လူမှုဘဝနောက်ခံအမျိုးမျိုးတို့မှ ပေါက်ဖွားလာသောသူများဖြစ်ကြောင့်တွေ့ရသည်။ အိမ်တွင်းအကြမ်းဖက်မှုသည် ဆင်းရဲသော မိသားစုများ၏ အဓိကပြဿနာအဖြစ် မြင်သာပေါ်လွင် နေတတ်သော်လည်း အမှန်တကယ် သုတေသနပြုလုပ်၍ ထွက်ပေါ်လာသောစာရင်းအချက်အလက်များအရ အလယ်အလတ်တန်းစား မိသားစုများနှင့် အထက်တန်းစား မိသားစုထဲ၌လည်း ဖြစ်ပွားလျက်ရှိသည်။

ဆင်းရဲသောမိသားစုများ၌ ဖြစ်ပွားသောအိမ်တွင်းအကြမ်းဖက်မှုသည် ပိုမိုမြင်သာလေ့ရှိသည်။ အဘယ်ကြောင့်ဆိုသော် ၄င်းတို့သည် အခြားသူများထံမှ အကူအညီ လိုအပ်သောကြောင့်ဖြစ်ပြီး ပညာတတ်သော၊ ငွေကြေးချမ်းသာသောအထက်တန်းလွှာလူတန်းစားများ၌မူ အိမ်တွင်းအကြမ်းဖက်မှုကို မိသားစုဂုဏ်သိက္ခာနှင့် အဆင့်အတန်းကိုကို ငဲ့ရ အများဆုံး ဖုံးကွယ်ထားလေ့ရှိသည်။ ထို့ကြောင့်ထိုလူများအကြားတွင်ဖြစ်လေ့ရှိသော အိမ်တွင်းအကြမ်းဖက်မှုသည် မမြင်သာခြင်းဖြစ်လေ့ရှိသည်။ သို့သော် အိမ်တွင်းအကြမ်းဖက်မှုသည် အမျိုးသားကြီးစိုးသောမိသားစုများတွင် အလွှာမရွေး၊ အဆင့်အတန်းမရွေး ဖြစ်ပွားလေ့ရှိသည်။

အယူအဆ (၂) မူးယစ်ဆေးဝါးသုံးစွဲသူများသည် အကြမ်းဖက်မှုကို ဖြစ်ပွားစေသည်။

အမျိုးသားများသည် အရက်မူးသောကြောင့် ၄င်းတို့ဇနီးများကို အကြမ်းဖက်မှု ကျူးလွန်ခြင်းဖြစ်သည် ဟု ဆင်ခြေပေးတတ်ကြသော်လည်း အမှန်တွင် မူးယစ်ဆေးဝါးသုံးစွဲခြင်းမရှိသော အမျိုးသားများလည်း အကြမ်းဖက်မှုကို ကျူးလွန်နေတတ်သည်။ အချို့အမျိုးသားများသည မူးယစ်ဆေးဝါးကိုအသုံးပြု၍ စိတ်ထွက်ပေါက်ရှာ တတ်သော်လည်း အချို့အမျိုးသားများသည် မိမိတို့၏ ဇနီးများကို အကြမ်းဖက်၍ စိတ်ထွက်ပေါက်ရှားစရာ တန်ဆာခံလုပ်လေ့ရှိသည်။ ၄င်းကိုကြည့်ခြင်းအားဖြင့် အမျိုးသားများသည် အမျိုးသမီး များအပေါ် လေးစားမှုမရှိသည့်အပြင် ရုပ်ဝတ္ထုပစ္စည်းအဖြစ်သဘောထားကာ ပြုမူဆက်ဆံသည်ကိုတွေ့ရ သည်။

အယူအဆ (၃) အိမ်တွင်းအကြမ်းဖက်မှုသည် မိသားစုတခု၏အိမ်တွင်းရေးသာဖြစ်သည်။

တစုံတယောက်မှ သူစိမ်းတယောက်အား နာကျင်အောင်ပြုလုပ်ခြင်း၊ စော်ကားခြင်းကျူးလွန်ပါက ထိုသို့ပြုမူခြင်းသည် ရာဇဝတ်မှုမြောက်ပြီး ထိုသူသည် အပြစ်ပေးအရေးယူခြင်းခံရမည်ဖြစ်သည်။ တစုံတယောက်မှ မိမိ၏မိသားစုဝင် တဦးဦးအား အကြမ်းဖက်မှု ကျူးလွန်ပါက ၄င်းကိုမိသားစုပြဿနာ ဟူ၍သာမြင် တတ်ကြပြီး မည်သူမှ ဝင်ရောက်တားဆီးရန် မကြိုးစားကြပါ။ အမှန်စင်စစ် အိမ်တွင်း အကြမ်းဖက်မှုသည် အိမ်တွင်းရေးပြဿနာ မဟုတ်ဘဲ ရာဇဝတ်မှုသာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မည်သူတဦး တယောက်ကမှ အခြားသူတဦးအပေါ် အကြမ်းဖက်မှု ကျူးလွန်ခွင့်မရှိပါ။

အယူအဆ (၄) အမျိုးသားများသည် အမျိုးသမီးများအား ရိုက်ခွင့်ရှိသည်။

အကယ်၍ မိမိဇနီးသည်က သစ္စာမရှိခဲ့သော် သို့မဟုတ် လင်ဖြစ်သူ၏ စကားကိုနားမထောင်ခဲ့သော် အမျိုးသားများသည် မိမိ၏ဇနီးကို ရိုက်ပိုင်ခွင့်ရှိသည်ဟု လူအများက မှားယွင်းစွာယုံကြည်ကြသည်။ ၎င်းသည် အမျိုးသားများသည် အိမ်ထောင်တခု၏ အထွတ်အမြတ် သို့မဟုတ် အိမ်ဦးနတ် ဖြစ်သည်ဟူသော အယူအဆကြောင့် မယား ဖြစ်သူကို မိမိပိုင်ဆိုင်သော အရာဝတ္ထုပစ္စည်းကဲ့သို့ မြင်လာကာ မိမိနှစ်သက်သလို လုပ်နိုင်သည်ဟု ထင်မြင်လာရာမှ အခြေခံ၍ ဖြစ်ပွားခြင်းဖြစ်သည်။ ဤကဲ့သို့သော အယူအဆအား ကောင်းအမြစ်တွယ်လာစေရန် မိမိတို့၏ လူမှုယဉ်ကျေးမှုနှင့် ဘာသာရေးဆုံးမမှုများသည်လည်း တွန်းအားပေးမြေ တောင်မြှောက်ပေးလျက်ရှိသည်။

အယူအဆ (၅) အမျိုးသမီးများကို ရိုက်နှက်ရန်လိုကိုလိုသည်။

မိန်းမများသည် အမျိုးသားများ၏ အလိုဆန္ဒအတိုင်း မလုပ်ဘဲ အမှားအယွင်းလုပ်တတ်သောကြောင့် ရိုက်နှက်ခြင်းခံရသည်ဟု လူအများက ခံယူကြသည်။ ထိုသို့အကြမ်းမဖက်ဘဲ တဦးနှင့်တဦးစေ့စပ်ဆွေးနွေးပြောဆိုသောနည်းကို အသုံးပြုရကောင်းမှန်း အများစုက နားမလည်ကြပေ။ မှားယွင်း၍သာ အကြမ်းဖက်ဆုံးမသင့်သည်ဆိုလျှင် မည်သူမှ အကြမ်းဖက်ခံရခြင်းမှ ကင်းလွတ်နိုင်မည်မဟုတ်ပေ။ အကြမ်းဖက်လေ့ရှိသောအမျိုးသားများကိုယ်တိုင်လဲ အကြမ်းဖက်ခံရမည်ကို အလိုလားသလို အမျိုးသမီးများအနေဖြင့်လည်း အကြမ်းဖက်ခံရမည်ကို လိုလားနှစ်ခြိုက်လိမ့်မည်မဟုတ်ပါ။ အမျိုးသမီးများမှာ အကြမ်းဖက်ခံနေရမှုလွတ်မြောက်ရန် အကူအညီမရှာဖွေခြင်း၊ ကြိတ်မှိတ်သည်းခံနေခြင်းသည် အကြမ်းဖက်ခံရခြင်းကို နှစ်သက်လွန်း၍မဟုတ်ဘဲ ထိုအမျိုးသားများ၏ စက်ကွင်းနှင့် အိမ်တွင်းအကြမ်းဖက်မှုမှ မလွတ်မြောက်နိုင်၊ ထိုကဲ့သို့အရိုက်ခံနေရခြင်းသည် ကံကြမ္မာဝင့်ကြွေးအရ ခံရခြင်းဖြစ်သည်ဟုပင် လက်ခံထားသောကြောင့် ဖြစ်သည်။

## Deepening (သင်တန်းသားများ၏ လက်တွေ့အဖြစ်နှင့် နိုင်းယှဉ်ဆက်စပ်ပေးခြင်း)

သင်တန်းသားများအား အုပ်စုလိုက်ခွဲ၍ မိမိတို့ပတ်ဝန်းကျင်တွင်ဖြစ်လေ့ရှိသော အိမ်တွင်းအကြမ်းဖက်မှုပုံစံတခုကို သရုပ်ဆောင်ခိုင်းပါ။

ထိုသရုပ်ဆောင်မှုများကို ကြည့်၍
ဘာကြောင့်ဖြစ်တာလဲ။
လက်တွေ့မှာရော ဘာကြောင့်ဖြစ်တတ်သလဲ။
ဘာကြောင့်အမျိုးသားက ရိုက်ရဲတာလဲ၊
ဘာကြောင့်အမျိုးသမီးက ထွက်မပြေးတာလဲ။
ဘာကြောင့်ပတ်ဝန်းကျင်က ဝင်ဖြန်မဖြေတာလဲ စသည်ဖြင့် မေးခွန်းများမေးပါ။

## **Synthesis** ( မည်သို့လုပ်ဆောင်ကာကွယ်တားဆီးနိုင်မည်ကို အဖြေရှာလုပ်ဆောင်စေခြင်း)

ထိုနောက်အဖွဲ့လိုက်ပြန်ခွဲပါ။ အဖွဲ့များကို အိမ်တွင်းအကြမ်းဖက်သည့် အမျိုးသားအားထိုသို့မလုပ်ဆောင်ရန်စည်းရုံးသိမ်းသွင်းနိုင်မည့်နည်းလမ်းများ၊ အကြမ်းဖက်ခံရသောအမျိုးသမီးကို အရေးပေါ်ကူညီနိုင်မည့် အစီအစဉ်များ၊ ပတ်ဝန်းကျင်အတွင်း အခြားသူ၏အိမ်တွင်းရေးဖြစ်သည်ဟု ယူဆနေသောအမြင်များကို ပြောင်းလဲနိုင်မည့်နည်းလမ်းများကို သီးခြားဆွေးနွေးတင်ပြစေခိုင်းပါ။

### မှတ်ချက်

လှုပ်ရှားမှုလုပ်သည့်အခါတွင် သရုပ်ဆောင်မှုအစား **Case-study** သို့မဟုတ် ရုပ်ပုံ၊ ပန်းချီ သို့မဟုတ် ရုပ်သေသရုပ်ဆောင်မှုတို့ဖြင့် အစားထိုးနိုင်သည်။